မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဌာနခွဲ

လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ

ဝင်စာတင်ပြလွှာ

ကုမ္ပဏီအမည် MYBACO MANUFACTURING CO.,LTD.

တင်ပြသည့်လုပ်ငန်း [illegible]

ရက်စွဲ	အကြောင်းအရာ	မှတ်ချက်
၂၀.၁၁.၂၀၂၁	[illegible] Co. [illegible]	[illegible] 09-49325283
၄.၁၂.၂၀၂၁	IICPT [illegible] Co. [illegible]	[illegible]
၁၄.၁၂.၂၀၂၁	[illegible]	
၂၄.၁၂.၂၀၂၁	[illegible]	
၃၁.၁၂.၂၀၂၁	[illegible]	
၃.၁.၂၀၂၂	[illegible] Co. [illegible]	Ph: [illegible] [illegible]
၂၁.၁.၂၀၂၂	Co. [illegible]	
၈.၃.၂၀၂၂	[illegible] MIC [illegible]	
၁၄.၃.၂၀၂၂	MIC [illegible]	

[illegible]

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရကက-၆(က)/မ-၁၂၇၁/၂၀၁၃(၃၂၂၉)

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ၊ မတ် လ ၃၁ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Mybaco Manufacturing Co., Ltd. မှ ကိတ်မုန့်၊ ပေါင်မုန့် နှင့် ဘီစကွတ်မုန့် အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ Mybaco Manufacturing Co., Ltd. သည် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂ ၊ စက်မှုမြေကွက် အမှတ်(၄) ရှိ မြေ (၂.၁၁၉) ဧက ~~အား ငှားရမ်း၍~~ ကိတ်မုန့်၊ ပေါင်မုန့် နှင့် ဘီစကွတ်မုန့် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဒေါ်စန္ဒာဝင်း (အဘ-ဦးရန်ချီမှုန်) မှ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက် နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျန်းမာရေး ဝန်ကြီးဌာန နှင့် စက်မှုဝန်ကြီးဌာနများသို့ သဘောထား တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ (နောက်ဆက်တွဲ - က)**

(၁) ရင်းနှီးမြှုပ်နှံမှု ပြုမည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြ စီမံကိန်းကို ထိခိုက်ခြင်း မရှိပါကြောင်း၊

(၂) အဆိုပြုလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ခွင့်ပြုမိန့် ရရှိပါက ဝန်ထမ်း (၂၀၀)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသဖြင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု အတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊

(၃) ဖော်ပြပါ မြေနေရာအား စက်ရုံအတွက် သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး စီးပွားရေး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း၊

(၄) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၄၇/၂၀၁၂)(၁၃-၁၂-၂၀၁၂)အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် (၄၆) အရ Mybaco Manufacturing Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ၊

ကန့်သတ်

(ခ) **ကျန်းမာရေး ဝန်ကြီးဌာန (နောက်ဆက်တွဲ - ခ)**

အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံ တည်ဆောက်ပါက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ပါ၍ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ် နှင့် အညီ ထုတ်လုပ်မည်ဖြစ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း၊

(ဂ) **စက်မှုဝန်ကြီးဌာန (နောက်ဆက်တွဲ - ဂ)**

အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် အမျိုးသား အစားအသောက် ဥပဒေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေ၊ တည်ဆဲ ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်ညီညွတ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း၊

၃။ လုပ်ငန်း အဆိုပြုချက်ကို **(နောက်ဆက်တွဲ - ဃ)** ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ US$ (၀.၁၈) သန်း အပါအဝင် စုစုပေါင်း ကျပ် (၁၄၀၀.၀၀)သန်း ဖြစ်ပါသည်။ လုပ်ငန်းအတွက် လိုအပ်သော US$(၀.၁၈) သန်း အပါအဝင် စုစုပေါင်း ကျပ် (၂၈၄.၈၃) သန်း တန်ဖိုးရှိ စက်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ အဆိုပြုလုပ်ငန်း အတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ငွေသား	ကျပ် ၂၀.၄၈ သန်း
(ခ)	စက်ပစ္စည်းကိရိယာများ	ကျပ် ၂၈၄.၈၃ သန်း (US$ ၀.၁၈ သန်း အပါအဝင်)
(ဂ)	မြေ	ကျပ် ၄၀၀.၀၀ သန်း
(ဃ)	အဆောက်အဦ	ကျပ် ၅၅၀.၀၀ သန်း
(င)	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	ကျပ် ၁၄၄.၇၀ သန်း
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**ကျပ် ၁၄၀၀.၀၀ သန်း (US$ ၀.၁၈ သန်း အပါအဝင်)**

၄။ အဆိုပြု လုပ်ငန်းမှ မုန့်အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်ပ(တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် ထိုင်းနိုင်ငံ)တို့သို့ (၄၆) ရာခိုင်နှုန်း တင်ပို့ ရောင်းချမည်ဖြစ်ပြီး ပြည်တွင်း၌ (၅၄) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန် နှစ် (၅-နှစ်မြောက်) တွင် မုန့်အမျိုးမျိုး ထုတ်လုပ်နိုင်မှု နှင့် ရောင်းဈေးနှုန်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည် -

ပြည်တွင်းရောင်းချမှု

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (Kg)(000)	ရောင်းဈေးနှုန်း ကျပ် /(Kg)	နှစ်စဉ် ဝင်ငွေ ရရှိမှု ကျပ် (သန်း)
၁။	Cake Type A	၂၀၀	၄၉၀၀	၉၈၀.၀၀
၂။	Cake Type B	၂၁၅	၃၃၂၀	၇၉၉.၈၀
၃။	Bread Type A	၂၀၀	၄၉၀၀	၉၈၀.၀၀
၄။	Bread Type B	၂၁၅	၃၃၂၀	၇၉၉.၈၀

ပြည်ပ ရောင်းချမှု

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (Kg)(000)	ရောင်းဈေးနှုန်း US$ / (Kg)	နှစ်စဉ် ဝင်ငွေ ရရှိမှု US$ / (သန်း)
၅။	Cracker	၃၅၅	၅.၆၅	၂.၀၀
၆။	Biscuit	၃၅၅	၅.၆၅	၂.၀၀

၅။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၅-နှစ်မြောက်) တွင် ရရှိမည့် ဝင်ငွေ နှင့် အသုံး စရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမေရိကန်တစ်ဒေါ်လာ = ၈၄၆ ကျပ်

စဉ်		နိုင်ငံခြားငွေဖြင့် US$(သန်း)	ညီမျှသော ကျပ်(သန်း)	ကျပ်ငွေဖြင့် ကျပ်(သန်း)	စုစုပေါင်း ကျပ်(သန်း)
(က)	ဝင်ငွေ	၄.၀၁၀	၃၃၉၄.၁၅၂	၃၅၅၉.၆၀၀	၆၉၅၃.၇၅၂
(ခ)	အသုံးစရိတ်	၃.၂၆၇	၂၇၆၃.၈၈၂	၃၅၁၃.၇၀၅	၆၂၇၇.၅၈၇
(ဂ)	အသားတင်အမြတ်	၀.၇၄၅	၆၃၀.၂၇၀	၄၅.၈၉၅	၆၇၆.၁၆၅

၆။ နိုင်ငံတော်မှ ပုံမှန်နှစ် (၅-နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ် လုပ်ငန်းခွန် ကျပ်(၁၇၇.၉၈)သန်း နှင့် ဝင်ငွေခွန် ကျပ်(၂၂၅.၃၉)သန်း ရရှိမည် ဖြစ်ပါသည်။အဆိုပြု လုပ်ငန်း၏ အရင်းကြေ ကာလမှာ(၃)နှစ်(၃)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ် နှုန်း (IRR) မှာ (၃၁.၈)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ လုပ်သား (၂၄၉) ဦး နှင့် ပြည်ပမှ ပညာရှင် (၁၀) ဦး ခန့်ထားမည် ဖြစ်ပါသည်။ဝန်ထမ်းသက်သာ ချောင်ချိရေး နှင့် လုပ်ငန်းခွင် သာယာရေး အတွက်

ဝန်ထမ်းအဆောင်၊ အစားအသောက် နှင့် ဝတ်စုံများကို စီစဉ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ အပန်းဖြေ အစီအစဉ် နှင့် အားကစား အစီအစဉ်များကို ဆောင်ရွက် ပေးမည်ဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးပေးခန်းကိုပါ ဖွင့်လှစ် ပေးထားမည် ဖြစ်ကြောင်း၊ သန့်စင်ခန်း အလုံအလောက် ထားရှိပြီး သန့်ရှင်းရေးသုံး ပစ္စည်းများ ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း၊ ထမင်းစားဆောင်ကို သီးခြား ဆောက်လုပ်ပေးမည် ဖြစ်ကြောင်း၊ အလုပ်သမားများ၏ လစာကို လက်ရှိ ဖြစ်ပေါ်လျှက်ရှိသည့် လစာနှုန်းအတိုင်း ပေးမည် ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ကိုလည်း တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်သားများ လူမှုဖူလုံရေး အကျိုးခံစားခွင့် အပြည့်အဝ ရရှိအောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မုန့်အမျိုးမျိုး ထုတ်လုပ်မှု နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၈။ ကုမ္ပဏီမှ ထုတ်လုပ်သည့် မုန့်များ၏ အမှတ်တံဆိပ်အား Jar Jar အမှတ်တံဆိပ်ဖြင့် အသုံးပြုထုတ်လုပ်မည် ဖြစ်ကြောင်း စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိသည့် အထောက်အထား တင်ပြထားပါသည်။

၉။ လျှပ်စစ်ဓါတ်အား အပြည့်အဝရရှိရေးအတွက် မြန်မာ့လျှပ်စစ် ဓါတ်အားလုပ်ငန်း 500 KVA အင်အားရှိ Transformer ကို တပ်ဆင်အသုံးပြု၍ ရယူမည့်အပြင် ကိုယ်ပိုင်မီးစက် 250 KVA Generator (၂) လုံးကို တပ်ဆင် အသုံးပြုမည် ဖြစ်ပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၀။ ကျပ်ငွေ အထောက်အထားအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စန္ဒာဝင်း အမည်ဖြင့် ကမ္ဘောဇဘဏ်လီမိတက်(ကမာရွတ်ဘဏ်ခွဲ)တွင် ၂-၁၁-၂၀၁၂ နေ့ရှိ ငွေလက်ကျန် ကျပ်(၁၂၃.၄၇)သန်း တင်ပြထားပါသည်။ သုံးစွဲရန် ကျပ်ငွေ (၁၆၅.၁၈)သန်း ၏ ၇၅% ရှိကြောင်း စိစစ်ရပါသည်။ နိုင်ငံခြား ငွေ အထောက်အထားအဖြစ် ကမ္ဘောဇဘဏ်လီမိတက်၊ International Banking Division တွင် ၆-၁၁-၂၀၁၂ နေ့ရှိ ကုမ္ပဏီ အမည်ဖြင့် US$ (၀.၀၁)သန်း တင်ပြထားရာ ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများ (၀.၃၄)သန်း၏ ၃% တင်ပြထားပါကြောင်း စိစစ်ရပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ဖြစ်ပါကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ပါကြောင်း ကုမ္ပဏီ မှ ဝန်ခံ ကတိပြုထားပါသည်။

၁၂။ **စိစစ်တင်ပြချက် ။** ပြည်တွင်းမှ လုပ်သား (၂၄၉) ဦး နှင့် ပြည်ပမှ ပညာရှင် (၁၀) ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို လည်းကောင်း ခံစားခွင့် ပြုရပါမည်။

၁၄။ သို့ဖြစ်ပါ၍ Mybaco Manufacturing Co., Ltd. မှ ကုမ္ပဏီ ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဒေါ်စန္ဒာဝင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-၁၁၂၈စက်မှုမြေကွက် အမှတ်(၄)ရှိ မြေ(၂.၁၁၉) ဧကအား ငှားရမ်း၍ ကိတ်မုန့်၊ ပေါင်မုန့် နှင့် ဘီစကွတ်မုန့် အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ချိုချိုဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ
ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက် စွဲ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄. ၁၁. ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(က) /မ - ၁၂၇၀ / ၂၀၁၂ (၁၁၄၆၆)ပ

၁။ MYBACO MANUFACTURING Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၁၂)၊စက်မှုမြေကွက်အမှတ်(၄)ရှိ မြေ (၂. ၁၁၉)ဧကအား ငှားရမ်း၍ မုန့်အမျိုးမျိုး ထုတ်လုပ်သည့်စက်ရုံလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းစာဖြင့် အကြောင်းကြား လာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက်တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုမည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပါက ဝန်ထမ်း (၂၀၀)ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်း နှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါသည်။

(ဂ) ဖော်ပြပါမြေနေရာအား စက်ရုံအတွက် သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် ၁၃. ၁၂. ၂၀၁၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄၇/ ၂၀၁၂) ဆုံးဖြတ်ချက်အပိုဒ် (၄၆) အရ MYBACO MANUFACTURING Co., Ltd ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
MYBACO MANUFACTURING Co., Ltd
လက်ခံစာတွဲ
မျှောစာတွဲ

နောက်ဆက်တွဲ (ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၁၆မခ(ဆ)၂၀၁၂(၂၆၈၅)/ ၁၃၇၉၉

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄-၁၁-၂၀၁၂)ရက်စွဲပါ စာအမှတ်၊ ရက-၆(က)/မ-၁၂၇၁/၂၀၁၂(၁၁၄၆၆-ဏ)။

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ MYBACO MANCFACTURING CO,LTD မှ မုန့်အမျိုးမျိုး ထုတ်သည့် စက်ရုံလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ MYBACO MANCFACTURING CO,LTD မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါ၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်မည်ဖြစ်ပါက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီး)

UHO(2012)

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၃၄-စမ(၂)၂၀၁၂-၂၀၁၃ (၄၂၃၉)
ရက် စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ ၂၁.၁.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/မ-၁၂၇၁/၂၀၁၃(၁၂၂၄-ရ)

၁။ Mybaco Manufacturing Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁၂)၊ စက်မှုမြေကွက်အမှတ်(၄)တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက် ထပ်မံပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ Mybaco Manufacturing Co.,Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံလုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးသားအစားအသောက်ဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက စက်မှုဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိပါကြောင်း** ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ် မတ် လ ၁၁ ရက်

အကြောင်းအရာ။ Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ

၁။ Mybaco Manufacturing Co., Ltd. သည် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂၊ စက်မှုမြေကွက် အမှတ်(၄) ရှိ မြေ(၂.၁၁၉)ဧက တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီး မြှုပ်နှံသူ ဒေါ်စန္ဒာဝင်း (အဘ-ဦးရန်ချိမှုန်) မှ အဆိုပြု တင်ပြချက်အား (၁၃-၃-၂၀၁၃) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၁၃) အစည်းအဝေးသို့ တင်ပြခဲ့ရာ လုပ်ငန်း ဆောင်ရွက် ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၂။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျှက် Mybaco Manufacturing Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂၊ စက်မှုမြေကွက် အမှတ်(၄) ရှိ မြေ(၂.၁၁၉)ဧက တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက်ရန် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူသို့ ထုတ်ပေးမည့် **ခွင့်ပြုမိန့် နှင့် အမိန့် ကြော်ငြာစာ (စာကြမ်း)**အား တင်ပြအပ်ပါသည်။

11/3
(ဝင်းမို့မို့အေး)
ဒု-ဦးစီးမှူး

ဦးစီးအရာရှိ

၃။ Mybaco Manufacturing Co., Ltd. သို့ ထုတ်ပေးမည့် ခွင့်ပြုမိန့် ကြော်ငြာစာ (မူကြမ်း) [illegible]

11/3/2013
(မျိုးမျိုး အောင်)

၄။ ခွင့်ပြုမိန့် နှင့် အမိန့်စာ (စာကြမ်း) အား စိစစ်တင်ပြ အပ်ပါသည်။

11/3
(ညွှန်)

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ဦးစီးမှူး၊

၅. Mybaco Manufacturing Co., Ltd မှ [illegible] MIC (၁၀/၁၀၁၃) (၁၃-၃-၁၃) [illegible]

[illegible]

11-3-13

[illegible]

ညွှန်ကြားရေးမှူး

[illegible]

[illegible]

၆။ [illegible]

[illegible]

[illegible]

ဒု-ညွှန်ချုပ်

[illegible]

[illegible]

12/3

ဦး-[illegible]

ဦးစီးအရာရှိ

၁၀။ [illegible]

[illegible]

12/3/2013

[illegible]

၁၁။ [illegible]

12/3

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ဦးညွှန်မှူး:

၁၂. တာဝန်

ဒုညွှန်ကြားရေးမှူး:

၁၃. တာဝန်

ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

၁၄. [illegible]

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

M_235
8/13

L-6174
11/3

ရက်စွဲ၊ ၂၀၁၃ ခုနှစ် မတ် လ ၈ ရက်

အကြောင်းအရာ။ **Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက် ခွင့်ပြုမည့် ခွင့်ပြုမိန့် နှင့် အမိန့်ကြော်ငြာစာအပေါ် ဥပဒေရှုဒေါင့်မှ စိစစ်သုံးသပ် အကြံပြု ပေးနိုင်ပါရန် တင်ပြခြင်းကိစ္စ**

၁။ Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံ လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့် အဆိုပြုချက်အား (၁၃-၃-၂၀၁၃) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၁၃) အစည်းအဝေးသို့ တင်ပြမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင် ရွက်ရန် အတွက် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူသို့ ထုတ်ပေးမည့် **ခွင့်ပြုမိန့် နှင့် အမိန့် ကြော်ငြာစာ (မူကြမ်း)** များအား **ဥပဒေရှုဒေါင့်မှ စိစစ်သုံးသပ် အကြံပြုပေးနိုင်ပါရန်** ပြုစုတင်ပြ အပ်ပါသည်။

8/13

(ဝင်းမို့မို့အေး)
ဒု-ဦးစီးမှူး

ဦးစီးအရာရှိ

၃။ [illegible] ခွင့်ပြုမိန့် နှင့် အမိန့်ကြော်ငြာစာ (မူကြမ်း) အား ဥပဒေရှုဒေါင့်မှ စိစစ်သုံးသပ် [illegible] ပေးပါရန် [illegible]

8/3/2013
(အေး [illegible])

[illegible]

၄။ ဥပဒေ ရုံးသို့ ပေးပို့မည့် ခွင့်ပြုမိန့်၊ နှင့် အမိန့်ကြော်ငြာစာ (မူကြမ်း) အား စိစစ်တင်ပြ အပ်ပါသည်။

8/13
(ဒုဉ္စ)

ဦးစီးဌာနမှူး

၅။ အကြောင်းအရာပါ [illegible] MIC (၁၀/၁၃)(၁၃.၃.၁၃) သို့ တင်ပြ [illegible] ခွင့်ပြုမိန့် နှင့် အမိန့်ကြော်ငြာစာ(မူကြမ်း)များအား ဥပဒေရှုဒေါင့်မှ စိစစ်ပေး နိုင်ပါရန် ပေးပို့အပ်ပါသည်။

8/3/13

အထွေထွေ အရပ်ရပ် -၁၆
(ရုံးတွင်း စာအကျဉ်းချုပ် (သို့မဟုတ်) စာကြမ်းရေးရန်)

[illegible]

[illegible]

[illegible]

[illegible]

[illegible]

NS-DG-F-1.doc

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ် မတ် လ ရက်

အကြောင်းအရာ။ **Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

၁။ Mybaco Manufacturing Co., Ltd. သည် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂ ၊ စက်မှုမြေကွက် အမှတ်(၄) ရှိ မြေ (၂.၁၁၉)ဧက တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ရင်းနှီး မြှုပ်နှံသူ ဒေါ်စန္ဒာဝင်း (အဘ-ဦးရန်ချိမ့်ဟုန်) မှ အဆိုပြု တင်ပြချက်အား (၁၃-၃-၂၀၁၃) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၁၃) အစည်းအဝေးသို့ တင်ပြခဲ့ရာ လုပ်ငန်း ဆောင်ရွက် ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၂။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Mybaco Manufacturing Co., Ltd. မှ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂ ၊ စက်မှုမြေကွက် အမှတ်(၄) ရှိ မြေ(၂.၁၁၉)ဧက တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက်ရန် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူသို့ ထုတ်ပေးမည့် **ခွင့်ပြုမိန့် နှင့် အမိန့် ကြော်ငြာစာ (စာချော)** တို့ တွင် ဥက္ကဋ္ဌမှ လက်မှတ် ရေးထိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(အောင်နိုင်ဦး)
ညွှန်ကြားရေးမှူးချုပ်

ဥက္ကဋ္ဌ

၃။

ပုံစံ (မနသ - ၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ - ~~၈၉၂~~ ၈၉၃ / ၂၀၁၃ ။ ၂၀၁၃ ခုနှစ်၊ ~~[illegible]~~ မတ် လ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါ် [illegible]

(ခ) အဘ အမည် ဦး [illegible]

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် ၉/မရမ (နိုင်) ၀၈၁၁၆၃

(ဃ) နေရပ်လိပ်စာ [illegible]

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း Mybaco Manufacturing Co., Ltd.

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား [illegible]

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ (များ) [illegible]

(ဇ) မတည်ငွေရင်းပမာဏ (ကျပ်) ၁၄၀၀.၀၀ (သိန်း) [illegible]

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ /၂၀၁၃ (မနသ)

(၂၀၁၃ ခုနှစ် မတ် လ ရက်)

၁။ Mybaco Manufacturing Co., Ltd. သည် ကုမ္ပဏီ ၏ ဒါရိုက်တာ ဖြစ်သူ ဒေါ်စန္ဒာဝင်း အမည်ဖြင့် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၁၂၊ စက်မှု မြေကွက် အမှတ်(၄) ရှိ မြေ (၂.၁၁၉) ဧက တွင် မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား (၁၃-၁-၂၀၁၃)နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၁၃) အစည်းအဝေး၌ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Mybaco Manufacturing Co., Ltd. အား မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ - ၈၉၃ /၂၀၁၃ ကို ထုတ်ပေးလိုက်သည်။

၂။ Mybaco Manufacturing Co., Ltd. အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာ တွင် မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သော နှစ် အပါအဝင် တစ်ဆက်တည်း(၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် ယင်းဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အောက်ဖော်ပြပါ အခွန် ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း မှ နိုင်ငံခြား ငွေဖြင့်ရရှိသည့် အမြတ်ငွေပေါ်တွင် (၅၀%)အထိ ကာလ အကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ်ခံစား ပြီးနောက်

လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ) အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့် အခါ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြ လျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့်ရံပုံငွေ ထား၍ တစ်နှစ် အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျှက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေ ကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ် ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင် သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှတ်တကယ် လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးမတည် ပစ္စည်းများ အပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦးရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး ၍ ပထမ(၃)နှစ်အတွက် ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်းများအပေါ် တွင် အကောက်ခွန် နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ် ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှတင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ နှင့် ပတ်သက်၍ တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာအသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် လိုက်နာဆောင်ရွက်ရမည်။

၄။ Mybaco Manufacturing Co., Ltd. သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု နှင့် ပြည်ပတင်ပို့မှု ရည်မှန်း ချက်များ ကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Mybaco Manufacturing Co., Ltd. သည် ဤအဆိုပြုလုပ်ငန်း ၏ စာရင်းများကို သီးခြား ပြုစု ထားရှိရမည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၇။ Mybaco Manufacturing Co., Ltd. ၏ မတည်ငွေရင်း ထည့်ဝင်မှုတွင် ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါ်စန္ဒာဝင်း အမည်ပေါက်မြေကို အစုရှယ်ယာအဖြစ် ထည့်ဝင်မည် ဖြစ်ရာ ကုမ္ပဏီ၏ အစုရှယ်ယာ ထည့်ဝင်မှုကိစ္စများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် အဆိုပါမြေကွက်အား Mybaco Manufacturing Co., Ltd. ၏ အမည်ပေါက် ဖြစ်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထား ဆောင်ရွက်ရမည်။ မြေဂရန် ရရှိပါက ဂရန် မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ **မပျက်မကွက်** ပေးပို့ တင်ပြရမည်။

၈။ Mybaco Manufacturing Co., Ltd. သည် ပြည်တွင်း/ပြည်ပ ဈေးကွက်ပိုင်း ဆိုင်ရာ တို့နှင့် စပ်လျဉ်း၍ အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း အကောင်အထည်ဖော် ဆောင်ရွက် ရမည်။

၉။ Mybaco Manufacturing Co., Ltd. သည် ထုတ်လုပ်မှု နည်းပညာ၊ ထုတ်လုပ်မှု အရည် အသွေး၊ Trade Mark ကုန်ပစ္စည်း အမှတ်တံဆိပ် အမည်/ အမှတ်အသား၊ ဈေးကွက်ပိုင်း ဆိုင်ရာ တို့ နှင့်စပ်လျဉ်း၍ အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း အကောင် အထည်ဖော် ဆောင်ရွက် ရမည်။ ၎င်းအပြင် သက်ဆိုင်ရာ ဌာနများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၀။ Mybaco Manufacturing Co., Ltd. သည် အဆိုပြုလုပ်ငန်းအား ကျန်းမာရေး ဦးစီးဌာန ၏ ထောက်ခံချက်၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနတို့၏ လိုင်စင်များ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံ လုပ်ငန်း ဆောင်ရွက်ရာ တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ၏ GMP ထောက်ခံချက်ရယူ ဆောင်ရွက်ရမည်။

၁၂။ Mybaco Manufacturing Co., Ltd. မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ

အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက် များနှင့်အညီ ဤကော်မရှင်သို့ သီးခြားတင်ပြ လျှောက်ထားရမည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း အလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်းဇယား စနစ်တကျ ရှိစေရေး အတွက် အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း စီစဥ် ဆောင်ရွက်ရမည်။

၁၃။ Mybaco Manufacturing Co., Ltd. သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံ များကို ဝန်ခံကတိ ပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံ ရမည်။

၁၄။ Mybaco Manufacturing Co., Ltd. သည် အဆိုပြုချက်တွင် ဝန်ခံကတိ ပြုထား သည့်အတိုင်း ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်း စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိ ဆောင်ရွက်ရမည်။

၁၅။ Mybaco Manufacturing Co., Ltd. သည် ပူးတွဲပါ ကနဦး လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံ ဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာလများ) **မပျက်မကွက်** ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၆။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီး မြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၇။ Mybaco Manufacturing Co., Ltd. သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင် နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဥ်း စည်းကမ်း သတ်မှတ်ချက် များကို လိုက်နာမှု မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၈။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ်

တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူ သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စာရင်း၌ ထည့်သွင်းခြင်း ခံရမည်။

၁၉။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်) နှစ် အတွင်း အဆိုပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စိုးသိန်း)

ဥက္ကဋ္ဌ

စာအမှတ်၊ရက- ၆(က) /မ- ၁၂၇၁/၂၀၁၃(   )

ရက် စွဲ ၊ ၂၀၁၃ ခုနှစ် မတ်   လ   ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ

ပြည်ထဲရေးဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန

ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့် နည်းပညာ ဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း

ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

အုပ်ချုပ်မှုဒါရိုက်တာ၊ Mybaco Manufacturing Co., Ltd.

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ် မတ် လ ၈ ရက်

အကြောင်းအရာ။ **Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက် ခွင့်ပြုရန် တင်ပြခြင်း ကိစ္စ**

၁။ Mybaco Manufacturing Co., Ltd. မှ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့် အဆိုပြုချက်အား (၁၃-၃-၂၀၁၃) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၁၃) အစည်းအဝေးသို့ တင်ပြမည် ဖြစ်ပါသည်။

၂။ အမှာစာ(မူကြမ်း)အား ပြုစုတင်ပြအပ်ပါသည်။

8/3

(ဝင်းမို့မို့အေး)

ဒု-ဦးစီးမှူး

ဦးစီးအရာရှိ

၃။ MIC [illegible]

[illegible]

8/3/2013

[illegible]

[illegible]

၄။ memo [illegible]

8/3

DWM

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

၅။ ကော်မရှင်၏(၁၀/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြမည့် **အမှာစာ(စာချော)** အား ပြင်ဆင်ပြီးဖြစ်ပါ၍ လက်မှတ်ရေးထိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

9/3

(ဝင်းမို့မို့အေး)

ဒု-ဦးစီးမှူး

ဦးစီးအရာရှိ

၆။ [illegible]

9/3/2013

[illegible]

[illegible]

၇။ အမှာစာ (စာချော) တွင် လက်မှတ်ရေးထိုးပေးနိုင်ပါရန် [illegible] တင်ပြအပ်ပါသည်.

9/3

([illegible])

[illegible]

၈. MIC (၁၀/၂၀၁၃)(၁၃.၃.၂၀၁၃) သို့ တင်ပြမည့် အမှာစာ(စာချော) ပါတွင် လက်မှတ်ရေးထိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်

e/3/13

[illegible]

[illegible]

၉ [illegible]

[illegible] ([illegible])

၁၀။ [illegible]

[illegible]

၁၁။ [illegible] Opening acct. [illegible]

[illegible] 11/3/13

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible]

[illegible]

အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ပါ၍ ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ် နှင့် အညီ ထုတ်လုပ်မည်ဖြစ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း"

(ဂ) **စက်မှုဝန်ကြီးဌာန (နောက်ဆက်တွဲ - ဂ)**

အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် အမျိုးသား အစားအသောက်ဥပဒေ၊ ပုဂ္ဂလိက စက်မှု လုပ်ငန်း ဥပဒေ၊ တည်ဆဲ ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်ညီညွတ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း၊

၃။ လုပ်ငန်း အဆိုပြုချက်ကို **(နောက်ဆက်တွဲ - ဃ)** ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်း၏ ရင်းနှီး မြှုပ်နှံမှု ပမာဏမှာ US$ (၀.၁၈) သန်း အပါအဝင် စုစုပေါင်း ကျပ် (၁၄၀၀.၀၀)သန်း ဖြစ်ပါသည်။ လုပ်ငန်းအတွက် လိုအပ်သော US$(၀.၁၈) သန်း အပါအဝင် စုစုပေါင်း ကျပ် (၂၈၄.၈၃) သန်း တန်ဖိုးရှိ စက်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ အဆိုပြုလုပ်ငန်း အတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ငွေသား	ကျပ် ၂၀.၄၈ သန်း
(ခ)	စက်ပစ္စည်းကိရိယာများ	ကျပ် ၂၈၄.၈၃ သန်း (US$ ၀.၁၈ သန်း အပါအဝင်)
(ဂ)	မြေ	ကျပ် ၄၀၀.၀၀ သန်း
(ဃ)	အဆောက်အဦ	ကျပ် ၅၅၀.၀၀ သန်း
(င)	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	ကျပ် ၁၄၄.၇၀ သန်း
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**ကျပ် ၁၄၀၀.၀၀ သန်း (US$ ၀.၁၈ သန်း အပါအဝင်)**

၄။ အဆိုပြုလုပ်ငန်းမှ မုန့်အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်ပသို့ (၄၆) ရာခိုင်နှုန်း တင်ပို့ ရောင်းချ မည်ဖြစ်ပြီး ပြည်တွင်း၌ (၅၄) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (၅-နှစ်မြောက်) တွင် မုန့်အမျိုးမျိုး ထုတ်လုပ်နိုင်မှု နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (Kg)(000)	ရောင်းဈေးနှုန်း		နှစ်စဉ် ဝင်ငွေ ရရှိမှု	
			US$ / (Kg)	ကျပ် / (Kg)	US$ (သန်း)	ကျပ် (သန်း)
၁။	Cake Type A	၂၀၀	-	၄၉၀၀	-	၉၈၀.၀၀
၂။	Cake Type B	၂၁၅	-	၃၇၂၀	-	၇၉၉.၈၀
၃။	Bread Type A	၂၀၀	-	၄၉၀၀	-	၉၈၀.၀၀
၄။	Bread Type B	၂၁၅	-	၃၇၂၀	-	၇၉၉.၈၀

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (Kg)(000)	ရောင်းဈေးနှုန်း		နှစ်စဉ် ဝင်ငွေ ရရှိမှု	
			US$ / (Kg)	ကျပ် / (Kg)	US$ (သန်း)	ကျပ် (သန်း)
၅။	Cracker	၃၅၅	၅.၆၅	-	၂.၀၀	-
၆။	Biscuit	၃၅၅	၅.၆၅	-	၂.၀၀	-

၅။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၅-နှစ်မြောက်) တွင် ရရှိမည့်ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမေရိကန်တစ်ဒေါ်လာ = ၈၄၆ ကျပ်

စဉ်		နိုင်ငံခြားငွေဖြင့် US$(သန်း)	ညီမျှသော ကျပ်(သန်း)	ကျပ်ငွေဖြင့် ကျပ်(သန်း)	စုစုပေါင်း ကျပ်(သန်း)
(က)	ဝင်ငွေ	၄.၀၁	၃၃၉၄.၁၅၂	၃၅၅၉.၆၀	၆၉၅၃.၇၅၂
(ခ)	အသုံးစရိတ်	၃.၂၆၇	၂၇၆၃.၈၈၂	၃၅၁၃.၇၀၅	၆၂၇၇.၅၈၇
(ဂ)	အသားတင်အမြတ်	၀.၇၄၅	၆၃၀.၂၇၀	၄၅.၈၉၅	၆၇၆.၁၆၅

၆။ နိုင်ငံတော်မှ ပုံမှန်နှစ် (၅-နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ်လုပ်ငန်းခွန် ကျပ်(၁၇၇.၉၈)သန်း နှင့် ဝင်ငွေခွန် ကျပ်(၂၂၅.၃၉)သန်း ရရှိမည် ဖြစ်ပါသည်။အဆိုပြုလုပ်ငန်း၏ အရင်းကြေ ကာလမှာ(၃)နှစ်(၃)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၃၁.၈)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ လုပ်သား (၂၄၉) ဦး နှင့် ပြည်ပမှ ပညာရှင် (၁၀) ဦး ခန့်ထားမည် ဖြစ်ပါသည်။ဝန်ထမ်းသက်သာ ချောင်ချိရေး နှင့် လုပ်ငန်းခွင် သာယာရေး အတွက် ဝန်ထမ်းအဆောင်၊ အစားအသောက် နှင့် ဝတ်စုံများကို စီစဉ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ အပန်းဖြေ အစီအစဉ် နှင့် အားကစား အစီအစဉ်များကို ဆောင်ရွက် ပေးမည်ဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးပေးခန်းကိုပါ ဖွင့်လှစ် ပေးထားမည် ဖြစ်ကြောင်း၊ သန့်စင်ခန်း အလုံအလောက် ထားရှိပြီး သန့်ရှင်းရေးသုံး ပစ္စည်းများ ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း၊ ထမင်းစားဆောင်ကို သီးခြား ဆောက်လုပ်ပေးမည် ဖြစ်ကြောင်း၊ အလုပ်သမားများ၏ လစာကို လက်ရှိ ဖြစ်ပေါ်လျှက်ရှိသည့် လစာနှုန်းအတိုင်း ပေးမည် ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ကိုလည်း တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်သားများ လူမှုဖူလုံရေး အကျိုးခံစားခွင့် အပြည့်အဝ ရရှိအောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မုန့်အမျိုးမျိုး ထုတ်လုပ်မှု နှင့် စပ်လျဥ်း၍ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၈။ ကုမ္ပဏီမှ ထုတ်လုပ်သည့် မုန့်များ၏ အမှတ်တံဆိပ်အား Jar Jar အမှတ်တံဆိပ်ဖြင့် အသုံးပြု ထုတ်လုပ်မည် ဖြစ်ကြောင်း စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားရှိသည့် အထောက်အထား တင်ပြထားပါသည်။

၉။ လျှပ်စစ်ဓါတ်အား အပြည့်အဝရရှိရေးအတွက် မြန်မာ့လျှပ်စစ် ဓါတ်အားလုပ်ငန်း 500 KVA အင်အားရှိ Transformer ကို တပ်ဆင်အသုံးပြု၍ ရယူမည့်အပြင် ကိုယ်ပိုင်မီးစက် 250 KVA Generator(၂) လုံးကို တပ်ဆင် အသုံးပြုမည် ဖြစ်ပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၀။ ကျပ်ငွေ အထောက်အထားအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စန္ဒာဝင်း အမည်ဖြင့် ကမ္ဘောဇ ဘဏ်လီမိတက်(ကမာရွတ်ဘဏ်ခွဲ)ရှိ (၂-၁၁-၂၀၁၂)နေ့ရှိ ငွေလက်ကျန် ကျပ်(၁၂၃.၄၇)သန်း တင်ပြထားပါသည်။သုံးစွဲရန် ကျပ်ငွေ (၁၆၅.၁၈)သန်း ၏ (၇၅%) ရှိကြောင်း စိစစ်ရပါသည်။ နိုင်ငံခြားငွေ အထောက်အထားအဖြစ် ကမ္ဘောဇဘဏ်လီမိတက်၊ International Banking Division တွင် ကုမ္ပဏီ အမည်ဖြင့် US$ (၀.၀၁)သန်း တင်ပြထားရာ ပြည်ပ မှ တင်သွင်းမည့် စက်ပစ္စည်းများ (၀.၃၄)သန်း ၏(၃%)တင်ပြထားပါကြောင်း စိစစ်ရပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ဖြစ်ပါကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ပါကြောင်း ကုမ္ပဏီ မှ ဝန်ခံ ကတိပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို လည်းကောင်း ခံစားခွင့် ပြုရပါမည်။

၁၃။ သို့ဖြစ်ပါ၍ Mybaco Manufacturing Co., Ltd. မှ ကုမ္ပဏီ ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်သူ ဒေါ်စန္ဒာဝင်း အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-၁၁၂၊စက်မှုမြေကွက် အမှတ်(၄)ရှိ မြေ(၂.၁၁၉) ဧက အား ငှားရမ်း၍ မုန့်အမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ချိုချိုဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ
ရုံးလက်ခံ

ATTENTION - DAW HMWE HMWE THIN

အမည်	ဒေါ်ဇွန္တာဝင်း	တိုင်းဒေသကြီး/ပြည်နယ်	ရန်ကုန်
		မြို့နယ်	ဒဂုံမြို့သစ် (အရှေ့ပိုင်း)
		မြေတိုင်းရပ်ကွက်အမှတ်	၁၁၂
		လူနေရပ်ကွက်အမှတ်	ဝက်မှုဇုန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်	၉/မရမ (နိုင်) ၀၀၅၁၆၃	မြေကွက်အမှတ်	၄
		မြေကွက်တည်နေရာ	
မြေငှားစာချုပ်အမှတ်			
အမှုတွဲအမှတ်/နေ့စွဲ	၃၈၇ / ၁၁၂ (စက်မှု) / ဂရန်-၁ / ၂၀၁၂		

မြေငှားစာချုပ်

HA 000100

နေ့စွဲ၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ၊ ၂၇ ရက်

မြေငှားစာချုပ်အမှတ် .... အမှုတွဲအမှတ် ၁၇/၁၁၂ (စက်မှု)/၈၇၅-၁/၂၀၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် **"အငှားချထားသူ"** ဟုရည်ညွှန်းသည်။ **"အငှားချထားသူ"** ဆိုသည့် စကားရပ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်းပါဝင်သည်။)


နှင့်


.......ရန်ကုန်....... **တိုင်းဒေသကြီး/ပြည်နယ်** .... မြို့နေ၊ ဦး .....ရန်သီဟ........ ၏ သား/သမီးဖြစ်သော ဦး/ဒေါ် .....ဇော်ဝင်း............ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၉/မဂမ (နိုင်) ၀၀၅၁၆၃ (နောင်တွင် "အငှားစာချုပ်ရသူ" ဟုရည်ညွှန်းသည်။)တို့ ၁၃၇၃ ခုနှစ်၊ ....တပို့တွဲ.... လဆန်း/လပြည့်ကျော် ...၅... ရက်နေ့၊ ၂၀၁၂ ခုနှစ်၊ ...ဖေဖော်ဝါရီ... လ ...၂၇... ရက်နေ့တွင် အောက်ပါအတိုင်း မြေငှားစာချုပ်ချုပ်ဆိုကြသည်။


အငှားစာချုပ်ရသူက နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့်လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ခံချက်များကို ပြုသောကြောင့်လည်းကောင်း အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကို ထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက်သွားလာနိုင်ခွင့်စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွ အငှားချထားသူက အငှားစာချုပ်ရသူအား ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ် မြေအောက်ရှိ သတ္တုတွင်းများ၊ ဓါတ်သတ္တုပစ္စည်းများ၊ ကျောက်မျက်ရတနာများ ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကျောက်မိုင်းစသည်တို့သည် ဤစာချုပ်ဖြင့် အငှားချထားခြင်း၌မပါဝင်ချေ။ ထိုသို့ရှာဖွေတူးဖော် ရယူသယ်ဆောင်ရာ၌အဆိုပါမြေကွက်၏ မျက်နှာပြင်ကို နှောင့်ယှက်ပျက်စီးစေခဲ့လျှင် အငှားစာချုပ်ရသူအား သင့်လျော်သောလျော်ကြေးကို အငှားချထားသူက ပေးရမည်။ ယင်းလျော်ကြေးနှင့်စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်းအက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ် ချုပ်ဆိုသည့် ...၂၇.၁၂.၂၀၁၂... နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ် ကာလအပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ်ကာလအပိုင်းအခြားတွင်၊ ...၂၀၇၂... ခုနှစ်၊ ...ဖေဖော်ဝါရီ... လ၊ ...၂၆... ရက်နေ့၌ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါး နှစ်အတွင်းတွင် သုံးလပတ်အတွက် မြေငှားရမ်းခငွေ ကျပ် ...၂၃၀၁... .... (ကျပ် နှစ်ထောင့်သုံးရာတစ်ဆယ့်ငါးကျပ်ပြည့် .... တိတိ) ကို ဇန်နဝါရီလ၊ ဧပြီလ၊ ဇူလိုင်လနှင့် အောက်တိုဘာလများ၏ လဆန်း (၁) ရက်နေ့များတွင် ကြိုတင်ပေးဆောင်ရမည်။ အဆိုပါ နှစ် ခြောက်ဆယ် ကာလအပိုင်းအခြား၏ ဒုတိယ၊ တတိယ နှင့် စတုတ္ထ တစ်ဆယ့်ငါး နှစ်စီအတွက် အပိုဒ်(၃)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင်ရမည်။







၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည် ~

(က) အထက်၌ မြေငှားခကို ပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌သော်လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌ သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌ သော်လည်းကောင်း၊ အဆိုပါ နှစ်ပေါင်း ခြောက်ဆယ် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ၊ စည်းကြပ်လတ္တံ့ဖြစ်သော အခွန်အတုပ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ် ချုပ်ဆိုသည့်နေ့မှ (၆) လအတွင်း စတင်ဆောက်လုပ်၍ နှစ် နှစ်အတွင်းတွင် အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်ခိုင်ခံ့သော လူနေအိမ်ကို သက်ဆိုင်ရာဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်း စည်းကမ်းချက်များ နှင့် အညီ ပြီးစီးအောင် ဆောက်လုပ်ရန်နှင့် ထိုလူနေအိမ် စသည်တို့ကို အဆိုပါ နှစ်ပေါင်း ခြောက်ဆယ် ကာလအပိုင်းအခြား အတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက် တည်ရှိသောရပ်ကွက်၌ သက်ဆိုင်ရာ ဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်များနှင့် ရေပိုက်များချထားလျှင် ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့် တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံများကို ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါ မြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုခုကိုမှ၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့်သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ နှစ်ပေါင်း ခြောက်ဆယ် ကာလအပိုင်းအခြား အတွင်း အဆိုပါမြေကွက်ကို လူနေအိမ်ဆောက်လုပ်ရန်အတွက်မှတပါး အခြားကိစ္စအတွက် အသုံးမပြုရန်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်သည့်လူနေအိမ်ကို လူနေအိမ်အဖြစ်မှတပါး အခြားနည်းအသုံးမပြုရန်။

(စ) အငှားချထားသူ၏စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်အပြင် ၎င်းမြေ၏ တစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများ မပြုလုပ်ရ။

(ဆ) ဤ စာချုပ်နှင့် စပ်လျဉ်း၍ မည်သည့် ကိစ္စအတွက်မဆို အဆိုပါ မြေကွက် သို့ဖြစ်စေ၊ အဆိုပါ မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံသို့ဖြစ်စေ၊ နှစ်ပေါင်း ခြောက်ဆယ် ကာလ အပိုင်းအခြားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရဆောင်ရွက်သူများအား နေ့ခင်းသင့်လျော်သည့်အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်း ခြောက်ဆယ် ကာလ အပိုင်းအခြားကုန်ဆုံးသောအခါ အဆိုပါ မြေကွက် တည်ရှိသည့်အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသောပစ္စည်းများ မပါဝင်စေဘဲ အဆိုပါမြေကွက်ကို အငှားချထားသူအား အေးဆေးစွာပြန်လည်ပေးအပ်ရန်၊ သို့ရာတွင် အငှားချထားသူက အပိုဒ် (၂) အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၂၀ ၁၅........... ခုနှစ် အတွင်းတွင်ဖြစ်စေ၊ ထို့နောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါမြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက်မြေငှားခကို (သို့တည်းမဟုတ်) ၎င်းအစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယ လဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခမပြေကျန်ရှိနေလျှင်၊ သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင်ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါမြေငှားခကိုရယူရန် ချက်ချင်းအမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံချက်ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊ အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ၊ စွန့်လွှတ်ခဲ့စေကာမူ ဤစာချုပ်ကိုပယ်ဖျက်၍ အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက်ပြုလုပ်သည် ~

